ဆင်ဖြူကန်ကျေးရွာ
လှေ့စဉ်ကျေးရွာအုပ်စု၊မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ဆင်ဖြူကန်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာလ ၂၀၂၁ ခု၊ (၆)လဘဏ္ဍာရေးနှစ်

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

( ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

( စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

( ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀/၂၁ ခု(၆)လ ဘဏ္ဍာရေးနှစ်မှ၂၀၂၅/၂၆ဘဏ္ဍာရေးနှစ် အထိနှစ် ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေး လက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ နမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများ ကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက် သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီ ပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင် ထပ်မံရရှိသည့်ကိန်းဂဏန်းအချက် အလက်များထပ် ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်း များသည်ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ် ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှုပေါ်ပေါက်လာမည့် အခက်အခဲများ၊ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှု များဆက်လက် လုပ် ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင် ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ

နှ၊မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲ ဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဒီဇင်ဘာလ၊၂၀၂၂ ခု (၆)လ ၊ ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ဆင်ဖြူကန်ကျေးရွာ

မင်းလှမြို့နယ်

# <u>သယံဇာတပြမြေပုံ</u>



# ရာသီခွင်ပြ ပြက္ခဒိန်


မကွေးတိုင်းဒေသကြီး၊ ပင်းလှမြို့နယ်၊ လှေ့စဉ်အုပ်စု၊ ဆင်ဖြူကန်ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်
19.11.2021
အဖြစ်အပျက်
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
ရာသီဥတု
အလုပ်အကိုင်

# <u>အဖွဲ့အစည်းများပြပုံ</u>


အဖွဲ့အစည်းများပြပုံ
မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လေးစဉ်အုပ်စု၊ ဆင်ဖြူကုန်ကျေးရွာ
အဖွဲ့အစည်းများပြပုံ
19.11.2021
၁။ အုပ်ချုပ်ရေးအဖွဲ့
၂။ ရပ်မိရပ်ဖ အဖွဲ့
၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
၄။ လမ်းကော်မတီ
၅။ ဂေါပက
၆။ ဝတ်ရွတ်အသင်း
၇။ လူငယ် အဖွဲ့အစည်း
၈။ ကျောင်းအကျိုးတော်ဆောင်

၅။ **<u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>**

ဆင်ဖြူကန်ကျေးရွာသည် လှေ့စဉ်အုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၄၈)မိုင် အကွာတွင်ရှိသည်။ ပုသိမ်-မုံရွာ လမ်းမကြီးအနောက်ဘက် (၁)မိုင်နှင့် (၇)ဖာလုံ ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာ၏မြေအနေအထားမှာ စတုရန် ရွာ၏မြောက်ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တွင် လယ်၊ ယာစိုက်ခင်းများရှိပြီး ရွာပတ်လည်၌ ပနီချောင်းကလေးရှိပြီး ရေများဝန်းရံနေသော ရွာတစ်ရွာဖြစ်ပါသည်။ မြေပြင်အနေအထားမှာ ညီညာပြန့်ပြူးမှုရှိပါ။ မိုးရာသီတွင် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာတွင်းရှိ မြေသားလမ်းများမှာ ရွှံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေးခက်ခဲပါသည်။ အဓိကထားရသော စိုက်ပျိုးသီးနှံများမှာ မြေပဲ ၊ နှမ်း ၊ ဝါ ၊ ပြောင်း ၊ ပဲကြီး ၊ ကုလားပဲ မိုးရေသောက်လယ်စပါးနှင့် ဆောင်းရာသီတွင် ခရမ်းချဉ် ၊ ငရုတ် ၊ ကြက်သွန် ၊ ခရမ်း စိုက်ပျိုးပါသည်။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် နှစ်စဉ် ရာသီဥတုမမှန်၍ တောင်သူလယ်သမားများအတွက် အခက်အခဲကြုံတွေ့ရပါသည်။

ဆင်ဖြူကန်ကျေးရွာသည် ပဲမျိုးစုံနှင့် ဆီးထွက်သီးနှံများထွက်ရာ ဒေသဖြစ်ပါသည်။ ဆင်ဖြူကန်ကျေးရွာ၏ လယ်များမှာ မိုးကောင်းလယ်များဖြစ်၍ စပါးနှင့် အခြားသီးနှံထွန်ယက်စိုက်ပျိုး နိုင်သောဧကမှာ (၂၂၇)ဧကရှိပြီး စပါးနှင့် နှမ်း ၊ ပဲမျိုးစုံ စိုက်ပျိုးကြသည်။ သဘာဝ ဆေးဖက်ဝင်အပင်များရှိပြီး အသိပညာနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှုမှာ နည်းပါးပါသည်။ ကျေးရွာတွင် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ **<u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ဆင်ဖြူကန်ကျေးရွာသည် အိမ်ထောင်စုပေါင်း (၆၉)အိမ် ၊ ကျား (၁၃၃) ၊ မ (၁၃၀) ဦးဖြင့် လူဦးရေပေါင်း (၂၆၃)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ ကျေးရွာလူဦးရေ၏ (၂၀၇)ခန့်ရှိပါသည်၊ အလုပ်လုပ်နိုင်သော လူငယ်များပေါ်များပြီး လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

( ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဆင်ဖြူကန်ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် အကဲဖြတ်သော ဥစ္စာခနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့်ဆင်းရဲ ၊ ချမ်းသာမျှတမှုရှိပါသည်။ အိမ်ထောင်စု (၆၉)စု၏ (၁၈%)ခန့်သည် ဆင်းရဲ ပြီး (၅၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေဧက (၀)ဧကမှ (၁)ဧက ပိုင်ဆိုင်သူများနှင့် ကျဘမ်းအလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး ၊ ထရံကာ လေးပင်အိမ်နှင့် သုံးပင်အိမ်အမျိုးအစားများ ဖြစ်ပါသည်။

ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေဧက (၁၀)ဧကမှ (၂)ဧက ပိုင်ဆိုင်သူများနှင့် အရောင်းအ၀ယ် လုပ်ကိုင်သူများဖြစ်ကြသည်။ အိမ်အခြေအနေမှာ ပျဉ်ခင်း ၊ ပျဉ်ကာ နှင့် အောက်ခံတိုက် များဖြစ်ပြီး ကုန်တင်ကားနှင့် ဖောကားပိုင်ဆိုင်သူများရှိသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားကြောင့် စီးပွားရေးအဆင့်အတန်း ဆင်းရဲ ၊ ချမ်းသာ မျှတမှုရှိပါသည်။

**( ဂ) ဆင်းရဲနွမ်းပါးနှုန်းနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ မြေယာမဲ့ အလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေး၀မ်းကြောင်းလုပ်ငန်း ပိုင်ဆိုင်မှုများနှင့် စား၀တ်နေရေး အဆင်မပြေသော မိသားစုများဖြစ်ကြသည်။ ကျေးရွာရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ၀င်ငွေပိုမိုရရှိရန် ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်မိသားစုတို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ဆင်ဖြူကန်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ချင်းကုန်း ကျန်းမာရေးဌာနနှင့် အောက်ကိုင်း ကျန်းမားရေးဌာနဆေးပေးခန်းတို့အား မှီခိုနေရပါသည်။ အလွန်ကြီးမားသော ကျန်းမာရေးပြဿနာများသည် မိုးတွင်းအခါတွင် ကြုံတွေ့ရတတ်ပါသည်။ ကျေးရွာတွင်ကျန်းမာရေးကြီးကြပ်(၂) ဆရာမတစ်ယောက် သာရှိသည့်အတွက်၊ မွေးလူနာစသော ပြဿနာများရှိပါက ကျေးရွာတွင်ဖြေရှင်းမရသည့်အတွက် အနီးဆုံးဆေးရုံဆေးရုံဖြစ်သည့် မိုင်(၃၀)ခန့်ကွာဝေးသော ပဒါန်းဆေးရုံနှင့် မိုင်(၅၀)ခန့်ကွာဝေးသော မင်းလှပြည်သူဆေးရုံသို့အချိန်မီ သွားရောက်ကုသမှုခံယူလျှက်ရှိပါသည်။ ရာသီအလိုက်ဖျားနာခြင်း၊ အအေးမိတုပ်ကွေး ၊ ဆီးချို ၊ သွေးချို ၊ လေးဘက်နာ ၊ လေဖြတ် ရောဂါများ ၊ အသက်ရှုလမ်းကြောင်းမှ ကူးစက်

ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး၊ ဇွန်လနှင့် ဩဂုတ်လမိုးရာသီတွင် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများအဖြစ် များပါသည်။

( င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဆင်ဖြူကန်ကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်း ပညာရေး အဆင့်သာရှိပြီး ကျန်အများစုသည် အခြေခံ အရေး၊အဖတ် ၊ အတွက် ၊ အချက် တတ်မြောက်ကြသည်။ ငယ်ရွယ်သူအများစုမှာ ပညာများကိုဆက်ဆည်းပူး နေပြီး အနည်းစုမှာ မူလတန်းအဆင့်ပြီးမြောက်၍ တောင်ယာအလုပ်လုပ်ကိုင်ကြသည်။ မူလတန်းအဆင့်ရှိသူ ကျား (၉)ဦး ၊ မ(၄)ဦးရှိပြီး ပေါင်း (၁၃)ဦး၊ အလယ် တန်း အဆင့်ရှိသူများ ကျား(၆)ဦး၊မ(၁၁)ဦး ၊ စုစုပေါင်း (၂၁)ဦး ၊ အထက်တန်း အဆင့်ရှိသူ ကျား(၆) ဦး ၊ (၁၀)ဦးရှိပြီး ပေါင်း(၁၆)ဦး ၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ ကျား(၄) ဦး ၊ မ (၁)ဦးရှိပြီး ပေါင်း (၅)ဦး ရှိပါသည်။

( စ) **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား–မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား–မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်း မှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် – အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား–မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ဆင်ဖြူကန်ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် အုပ်ချုပ်ရေးအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့ ၊လူငယ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့စသည်တို့ဖြစ်ပါသည်။၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ကျေးရွာသို့ လာရောက်

ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု နှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

**( ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

ဆင်ဖြူကန် ကျေးရွာတွင် စပါး ၊ နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။ မိုးရေကိုအဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်တောင်သူ (၅၈)ဦး ရှိ၍ လယ်ဧက(၁၁၀)၊ ယာမြေ(၅၆)ဧက၊ ကိုင်း/ကျွန်းမြေ(၆၁)ဧကရှိပြီး စုစုပေါင်း စိုက်ပျိုးဧကမှာ (၂၂၇)ဧကရှိပါသည်။ နှမ်း ၊ ပဲစဉ်းငုံ ၊ မိုးမြေပဲသီးနှံများအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးပါသည်။ ပဲကြီး ၊ ကုလားပဲအား ၊ ဝါ ၊ ဆောင်းမြေပဲကို တော်သလင်း လတွင် စိုက်ပျိုးပါသည်။ နှစ်စဉ် ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်း လျော့ကြပါသည်။ ထွန်ယက်ရန် ထွန်စက်ပိုင်ရှင်များထံမှ ငှားရမ်းအသုံးပြုရပါသည်။ ငွေကြေးမလုံ လောက်၍ ချေးငွေယူ လုပ်ကိုင်ကြရပါသည်။ လုပ်သားရှားပါး သောကြောင့် ငှားရမ်းလုပ်ကိုင်ရပါသည်။ ပဲကြီး ၊ ကုလားပဲနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက် မှုပိုမိုတွေ့ရပြီး ၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြပါသည်။ ကျေးရွာတွင် စီးပွားဖြစ် မွေးမြူသော ကြက်ခြံတစ်ခြံရှိပြီး ကျန်မိသားစုများမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။စိုက်ပျိုးရေးဘဏ်မှချေးယူငွေရရှိပါသည်။ကျေးရွာတွင် ငွေချေးပေးသူများထံမှ ချေးငှား၍ ရသော်လည်း အတိုးနှုန်းမြင့်မားပါသည်။ ပိုးသတ်ဆေးနှင့် ဓါတ်မြေသြဇာကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

**( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ဆင်ဖြူကန်ကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ်ရှိပါသည်။ လက်ယက်ကန်း များနှင့် နေ့စားအလုပ်များမှာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ၊ လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့ လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီ တွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင် ရှားပါးပြီး ဝင်ငွေ မမှန် ခြင်းကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ အလုပ်လုပ် ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများတစ်ရပ်ဖြစ်ကြသည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုး ၊ ဆံပင်မိတ်ကပ်၊ အလှပြင် စသည့် အသက်မွေးဝမ်းကြောင်း

သင်တန်းများနှင့် ရွာသားအများစုသည် အတွေ့ကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကြပြီး သင်တန်းစရိတ် အကုန်အကျခံ ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာစက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန် အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ဆင်ဖြူကန်ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုး များ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှု များပြား သဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေ ဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဖူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီ ဥတုမမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တ ကျ စိုက်ပျိုးရန် ၊ စနစ်ကျ သော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တော ၊ တောင်ရေမြေနှင့် သဘာဝပါတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာ ရောက်စေပါမည်။

## ( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဆင်ဖြူကန်ကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်း ၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင် သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ကျေးရွာသားများသည် ချေးငွေများကို အကြောင်း အရင်းမျိုးစုံ ၊ ရိက္ခာ ၊ ကျန်းမာရေး ၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာ အတွက်ချေးယူကြရသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိ ရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် မိတ်ဆွေ

မိသားစုထံမှ (၁၅%)နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ အနေဖြင့် နိုင်ငံတော်မှ ချေးယူ စီမံကိန်းများ (ဥပမာ-မြစိမ်းရောင် ကျေးရွာစီမံကိန်း) ချထားရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရပါသည်။

( ၈) **ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဆင်ဖြူကန်ကျေးရွာတွင် ပညာရေးအနေဖြင့် မူလတန်းလွန်ကျောင်းအဆင့်ရှိပြီး သွပ်မိုး ၊ အုတ်ထရံအဆောင် (၁)ဆောင် ၊သွပ်မိုး ပျဉ်ကာအဆောင်ပေါင်း (၂) ဆောင်ရှိပါသည်။ သို့သော်အုတ်အဆောင်မှာ အခန်း(၃)ခန်းသာရှိပြီး မူလတန်းကျောင်းသား/သူများအတွက် သာဖြစ်သောကြောင့် အလယ်တန်းကျောင်းသား/သူများအတွက် အဆောင်မှာ ရာသီဥတုဒဏ်ကြောင့် အခက်အခဲများရှိပါသည်။ ကျောင်းတွင်လည်း ကျောင်း ပရိဘောဂ ၊ ကစား ကွင်း ၊ သင်ထောက်ကူပစ္စည်းများ မရှိသည်ကို တွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးမှာ ၁:၄၅ရှိခြင်းကြောင့် အတန်းလိုက်အားဖြင့် ဆရာ/ ဆရာမလုံလောက်မှု မရှိပါ။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ် ၊ ဖတ်တတ်ကြသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး) သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသောကြောင့် ဗဟုသုတနည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ်ကောလိပ်အထိ ပညာသင်ကြားနေသူ (၃၇)ယောက်ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါ သည်။ ပညာရေးကဏ္ဍအတွက် အခြေခံအဆောက်အဦး ၊ ပရိဘောဂ ၊ ကစားကွင်း ၊ ရေလုံအိမ်သာ ၊ သင်ထောက်ကူ ၊ ဝန်ထမ်း ၊ဝန်ထမ်းအဆောက်အဦးများ လုံလောက်စွာ ချထားပေးရန် လိုအပ်ပါ သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါသည်။ ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကြီးကြပ်(၂) ဆရာမကိုသာ အားကိုးနေရပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိခြင်း ၊ စာပေဟောပြောပွဲများများ မရှိခြင်းတို့ကြောင့် လူငယ်များမှာ အလုပ်လုပ်ချင်သော်လည်း ဗဟုသုတမရှိခြင်းကြောင့် စနစ်တကျ အလုပ်မလုပ်တတ် သည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ဘောလုံးကန် ၊ ခြင်းခတ် ၊ ဘောလီဘောကစားခြင်း ၊ ကစားကွင်းရှိသော်လည်း ကျွမ်းကျင်မှုမရှိသည့်အတွက် အားကစားဆိုင် ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ဆင်ဖြူကန်ကျေးရွာတွင် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား ၊ လှည်း ၊ နွားများကို အသုံးပြုသော ကြောင့် ရွှံ့ဗွက်များဖြင့် မကောင်းပါ။ ဆင်ဖြူကန်ကျေးရွာမှ မင်းလှသို့ သွားလာရာ တွင် ဆိုင်ကယ် ၊ ကားများကိုသာ အသုံးပြုရပါသည်။

ဆင်ဖြူကန်ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် လျှပ်စစ်ဓါတ်အားသုံးစွဲနိုင်မှုမရှိပါ။ အဆင်ပြေသော မိသားစုများသည် ဆိုလာပြားများ ဝယ်ယူသုံးစွဲနိုင်သော်လည်း အဆင်မပြေသော မိသားစုများမှာ မီးသုံးစွဲနိုင်မှုမရှိသေး သည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်း ၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ ရှိရပါသည်။

ဆင်ဖြူကန်ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေး ချမ်းစွာ ရှိပါသည်။ ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာတတ်စေရန် နယ်မြေ ရဲကင်းမှ တစ်နှစ်တစ်ကြိမ် (သို့) နှစ်ကြိမ်ခန့်မျှ မှုခင်းဖြစ်ပွားမှုနည်းအောင် အသိပညာပေးဟောပြောပွဲများ လာရောက်ပြုလုပ်သည့်အတွက် ကျေးရွာလူထုမှ ဥပဒေအသိပညာများ ရရှိပါသည်။ ကျေးရွာတွင် မှုခင်းများမရှိသလောက် နည်းပါးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း၊ မီး သုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပါ သည်။ သို့သော်လည်း မီးဆိုသည်မှာ တစ်ကယ်တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ သင်တန်းများ ပေးစေလိုပါသည်။

( ဇ) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရ မည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ဆင်ဖြူကန်ကျေးရွာရှိ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သည့် အရွယ် များဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်း မွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအား

ဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများ အတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။ ဆင်ဖြူကန်ကျေးရွာတွင် စားကျက်မြေ အနည်းငယ်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေ များသည် မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ် နွားများကိုလည်းမွေးမြူကြသည်။ မွေးမြူရေးအတွက် အလားအလာ ကောင်းများ ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများ ဖွင့်လှစ်ရန် လိုအပ်သည်။

(၂) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ဆင်ဖြူကန်ကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှု ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု အားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ စပါး ၊ ဝါ ၊ ပဲကြီး ၊ မြေပဲ ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက် ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းလျှက်ရှိပါသည်။ လုပ်ငန်းလုပ် ကိုင်ရန် အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရ သည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုး များကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ် ဆေးများ ကိုခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာနှိမ်နင်းသည့် နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ်အတွက် ပုံစံ(၇)ရှိမှ သာ ထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှ အတိုးကြီးစွာ ချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေး

ပါ။တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျှက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျှက်ရှိပါသည်။

# မင်းလှမြို့နယ်လေ့စဉ်ကျေးရွာအုပ်စု ၊ ဆင်ဖြူကန်ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | အစုအဖွဲ့ဖြင့် စနစ်တကျ | -အစည်အလာအရ ခေါင်း | – အချင်းချင်းရင်းနှီးခင် | – ဆင်းရဲသားများစိုး | – အသိပညာအမြင်ဖွင့် | -အသိပညာအမြင်ဖွင့် |
| | လုပ်ကိုင်ရာတွင်ပါဝင်ဆုံး | ဆောင်ဆုံးဖြတ်သည့် အ | မင်ကြခြင်း | ရိမ်သိမ်ငယ်စိတ်ရှိခြင်း | ဟောပြောဆွေးနွေးပွဲ | ဟောပြောပွဲများကျင်း |
| | ဖြတ်ဆောင်ရွက်နိုင်သည့် | တိုင်းလိုက်နာသည့်အကျင့် | | | များ ပြုလုပ်ခြင်း၊စုပေါင်း | ပ ခြင်း |
| | အလေ့အထနှင့် စွမ်းရည် | ပါနေခြင်း | | | ဆောင်ရွက်တတ်သည့်အလေ့ | |
| | မရှိခြင်း | | | | အကျင့် များဖြစ်ပေါ်လာအောင် | |
| | | | | | ဆောင်ရွက်ခြင်း | |
| ၂ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | -ရွာတွင်းလမ်းများ | – မြေသားလမ်းဖြစ်နေခြင်း | – ကျေးရွာလူထုမှလုပ် | – | – ရွာတွင်းလမ်းများမြေ | – ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း |
| | မကောင်းခြင်း | – ရွှံ့ဗွက်များထူနေခြင်း | အားနှင့်ငွေကြေးထည့် | | နီကျောက်စရစ်ခင်းခြင်း | -ရွာတွင်းလမ်းများမြေနီခင်းခြင်း |
| | မိုးရာသီတွင်ရေကြီးရေလျှံ | – မြေစီးများဖြစ်နေပြီးမိုးရာ | ဝင်နိုင်ခြင်း | | -လမ်းတံတာခင်းခြင်း | -ပနီချောင်းကူတံတားတည် ဆောက်ခြင်း |
| | မှုများ ဖြစ်သောကြောင့် | သီတွင် သွားလာရ ခက်ခဲခြင်း | | | | |
| | သွားလာရန်ခက်ခဲခြင်း | -မိုးရွာသွန်းမှုကြောင့် ချောင်းရေ တက် ချိန်တွင်အသက်မန္တရာယ် | | | | |
| | | နှင့်ဆိုင်သောကျန်းမာရေးကိစ္စများ ကြုံတွေ့လျှင်ဆေးရုံးသို့အချိန်မီမ ရောက်ရှိဘဲ အသက်ဆုံးရှုံးမှုရှိခြင်း | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းရမည့်<br>နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | -လျှပ်စစ်မီးမရှိခြင်း | - မြို့နှင့်အလှမ်းကွာဝေးခြင်း | - | ငွေကြေးမတတ်နိုင်ခြင်း | - မီးလင်းရေးကော်မတီ | လျှပ်စစ်မီးသွယ်တန်းခြင်း |
| | | - မဟာဓာတ်အားလိုင်း | | | ဖွဲ့စည်း၍ လျှပ်စစ်ဦးစီး | |
| | | နှင့်ဝေးကွာခြင်း | | | ဌာနနှင့် ချိတ်ဆက် | |
| | | | | | ဆောင်ရွက်ခြင်း | |
| ၃ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | ကျေးရွာတွင်းသောက်သုံး | - ချောင်းထဲသို့သွားသည့်လမ်း | - ကျေးရွာလူထုမှ လုပ် | - ပနီချောင်းတွင်း လက် | -<br>ရေကော်မတီဖွဲ့စည်း၍ | - အိမ်တိုင်ရာရောက်ရေ |
| | ရေအလွယ်တကူမရရှိခြင်း | မကောင်းခြင်းနှင့်အလှမ်းကွာ<br>ဝေးခြင်း | အားထည့်ဝင်နိုင်ခြင်း | တူးတွင်းတူးဖော်နိုင်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် | ပေးရေးစနစ် ဆောင်ရွက်ခြင်း |
| | | - ရေသယ်ယူရန်ကျေးရွာ | -ရေစုကန်တည်ဆောက် | | ချိတ်ဆက်ဆောင်ရွက် | |
| | | တွင်လှည်း၊နွား ရှားပါး | ရန်မြေနေရာရှိခြင်း | | ခြင်း | |
| | | ခြင်း | | | | |
| ၄ | **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်းမ | -ရာသီဥတုမမှန်ခြင်း | -စိုက်ပျိုးမြေကေပေါများ | -ပုံစံ(၇)ရှိသော်လည်း | -လယ်/ဆည်ဌာနနှင့် | -တောင်သူအသိပညာ |
| | ကောင်းခြင်း | -စိုက်ပျိုးရေလုံလောက်မှု | ခြင်း | စိုက်ပျိုးရေးချေးငွေလုံ | ချိတ်ဆက်ဆောင်ရွက် | ပေးဟောပြောပွဲများ |
| | | မရှိခြင်း | | လောက်စွာမရရှိခြင်း | ခြင်း | ကျင်းပခြင်း |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၁ | ၄ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁ | ၃ | ၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၅ | ၁၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆ | ၆ | ၁၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၅ | ၁၀၂ | ၂၀၇ | | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၁၄ | ၂၂ | | |
| စုစုပေါင်း | | ၁၃၃ | ၁၃၀ | ၂၆၃ | | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၆၉ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။** ဆင်ဖြူကန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၉)စုရှိပြီး ကျား(၁၃၃)ဦး၊ မ(၁၃၀)ဦးစုစုပေါင်း (၂၆၈) ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၃)ဦးနှုန်းရှိကြောင်းတွေ့ရပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်အရွယ် (၂၀၆)ဦး ရှိသော်လည်း ထိုသူများအတွက် အလုပ်ပေးနိုင်မှု အားနည်းခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သေ | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖ |
|---|---|---|---|---|---|---|---|
| | | အိမ် | မိသား | အမျိုးသမီး | ဦးရေ | | |

| | | ထောင်စု | စုဝင်လုပ်အား | ဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | ောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ချောစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၈ | ၁၅၃ | ၈ | ၆ | ၁၇ | ၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | း / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချက်ဖြစ်တတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉ | ၁၈ | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၆၉ | ၁၇၃ | ၈ | ၆ | ၁၇ | ၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။**။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည် ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ၊ကုန်းစုံဆိုင်(၂)ဦး၊ ပို့ဆောင်ရေးအတွက်မော်တော်ယာဉ်ပိုင်ဆိုင်သူ(၂)ဦး၊ ပြည်တွင်း ၊ပြည်ပသွားရောက်လုပ်ကိုင်သူများပြားနေပြီး အစိုးရဝန်ထမ်းလုပ်ကိုင်သူ(၁)ဦးခန့်သာရှိ၍ လစဉ်ပုံမှန်ဝင်ငွေ ရှိသော မိသားစုနည်းပါးပါသည်။ အခြားဝင်ငွေရ စိုက်ပျိုးရေးနှင့်ပတ်သက်သည့်ဝန်ဆောင်မှုများရရှိရန် လိုအပ်လျှက်ရှိကြောင်း တွေ့ရသည်။။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၄၀၀၀ | | ၃၅၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာလုပ်ငန်းတွင်လုပ်ကိုင်ကြသော လုပ်သားများသည် ရာသီချိန်တွင်သာအလုပ်ရရှိနိုင်ကြပြီးအလုပ်ပါးချိန်တွင် ဆောက်လုပ်ရေးလက်သမား၊ပန်းရံလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ဝင်ငွေရရှိရေးအတွက် ဖန်တီးကြရပါသည်။အမျိုးသမီးများသည်လည်း စက်ချုပ်ပညာသင်ကြားပေးခြင်းဖြင့် ဝင်ငွေတစ်ဖက်တစ်လမ်းရရှိကြပါသည်။ လုပ်အားခနှုန်းထားများမှာ ကျားမ တန်းတူညီမျှမှုမရှိသေးသည်ကိုတွေ့ရှိရပါသည်။ ရွာတွင်အလုပ်မရနိုင်သည့်အချိန်တွင် အခြားဒေသများသို့ကာလတိုသွား ရောက်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၁၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၆၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စုစုပေါင်း | ၂၂၇ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၂၂၇) ဧက သာရှိပါသည်။ ထိုဧကများတွင် စပါး၊ နှမ်း၊ ဝါ၊ ပဲသီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ကုလားပဲ၊သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် သာဖြစ်ပြီး သဘာဝမိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☑ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ | များ ☐ သင့် ☐ နည်း ☑ | လွယ် ☐ ခက် ☑ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်** ... **ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီးတွင် သဲ၊ကျောက်စရစ်များ များစွာ ရရှိနိုင်ပြီး လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။ နွားစာနှင့် သဘာဝဆေးဖက်ဝင်အပင်များရှိသော်လည်း ဗဟုသုတနည်းပါးသည့်အတွက် ထိရောက်စွာအသုံးမပြုနိုင်ပါ ။ ရွာပတ်လည်တွင်ချောင်းရေများပေါ်များပြီး အလွယ်တကူ အသုံးပြုနိုင်သော်လည်း သောက်သုံးရေမှာလက်ယက်တွင်းများ အသုံးပြုရသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၃ | ၂၈ | ၆ | ၁၂ |

**ရင်းမြစ်** ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအိမ်ထောင်စုများသည် တောင်သူလုပ်ငန်းအား အဓိကလုပ်ကိုင်ကြပြီး အလွန်မပြေလည်သော အိမ်ထောင်စုများ အနည်းငယ်သာ တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = _____ _____<br>ချေးယူ = _____ _____<br>လုပ်အားခကြိုယူ = _____ ____ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = _____ _____<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = _____ _____ |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(င–၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများမရှိပါ။

(င-၃)  ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | ✔ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | ✔ | | | ✔ | |
| ၃ | မုန်တိုင်းဒီရေ | ✔ | | | ✔ | | |
| ၄ | ဆူနာမီ | ✔ | | | ✔ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှင် | ✔ | | | ✔ | | |
| ၈ | အပူလှိုင်း | | | | | ✔ | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✔ | | | | | |
| ၁၀ | အအေးလှိုင်း | | ✔ | | ✔ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✔ | | | ✔ | | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | | ✔ | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | | | ✔ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | ✔ | | | ✔ | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✔ | | | ✔ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✔ | | | ✔ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✔ | | | ✔ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✔ | | | ✔ | |
| ၂၁ | ငှက်ဖျားရောဂါ | ✔ | | | ✔ | | |
| ၂၂ | တီဘီရောဂါ | ✔ | | | ✔ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | | ✔ | | | ✔ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | ✔ | | | ✔ | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✔ | | | ✔ | |
| ၂၇ | လူကုန်ကူးခြင်း | ✔ | | | ✔ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ ေးခက်ခဲခြင်းစသည် | | ✔ | | | ✔ | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများ ထိခိုက်သက် ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။ အိမ်ထောင်စု၁၀ဝတွင်၂၅အိမ် ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀ဝတွင်၂၅မှ၅၀ အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀ဝတွင် ၅၀အိမ်ထောင်စုအထက် – မြင့်)

**လေ့လာတွေ့ရှိချက်။** ရောဂါအနေဖြင့် ရာသီတုတ်ကွေးဖျား လောက်သာရှိပြီး တိရိစ္ဆာန်ရောဂါအနေဖြင့် နွားခြေပုပ်၊လက်ပုပ် ကြက်နာအဆင့်လောက်သာရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သော်လည်း ရွာနှင့် ပုသိမ်-မုံရွာလမ်းမကြီးသို့ သွားလာရာလမ်းတွင် ပနီချောင်း တည်ရှိနေသည့် အတွက် မိုးတွင်းအခါတွင် ကျေးရွာမှပြင်ပသို့ သွား၍မရသည့် အခက်အခဲများ ရှိပါသည်။)

**ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ( မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✔ | | | ✔ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | ✔ | | | ✔ | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✔ | | | ✔ | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ( မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✔ | | | ✔ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✔ | | | ✔ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✔ | | | ✔ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✔ | | | ✔ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✔ | | | ✔ | |
| ၁၁ | လူနည်းစုလူမျိုးများ | ✔ | | | ✔ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✔ | | | ✔ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✔ | | | ✔ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | ✔ | | | ✔ | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**မှတ်ချက်။။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။**

**လေ့လာတွေ့ရှိချက်။** ။လူငယ်များသည်မိဘအုပ်ထိန်းမှုအောက်တွင်ရှိသော်လည်းတချို့မှာ ပြည်ပသို့သွားရောက်အလုပ်လုပ်ကြသည်။ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်လမ်းနည်းပါးနေပြီး စားနပ်ရိက္ခာမဖူလုံနိုင်သည့်အပြင် အရေးပေါ်ကျန်းမာရေးကုသနိုင်ရန် ငွေကြေးမတတ်နိုင်ပါက အသက်ဆုံးရှုံးမှုများအထိအကျိုးသက်ရောက်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐၂☑၃☐ | ၅ | | ၅ | ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☑<br>သင့်☑<br>ညံ့☐ |
| ၂ | ရပ်မိရပ်ဖအဖွဲ့ | ၁☑၂☐၃☐ | ၅ | | ၅ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ၁☑၂☐၃☐ | ၄ | ၃ | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၄ | လမ်းကော်မတီအဖွဲ့ | ၁☐၂☑၃☐ | ၄ | ၃ | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၅ | ဂေါပကအဖွဲ့ | ၁☐၂☑၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၆ | ဝတ်ရွက်အသင်း | ၁☐၂☑၃☐ | | | | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား( မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၇ | လူငယ်အဖွဲ့ အစည်း | ၁☐၂☑၃☐ | ၈ | ၆ | ၁၄ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

**(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။**။ကျေးရွာတွင်အဖွဲ့အစည်းအသင့်အတင့်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အဖွဲ့အစည်းအသီးသီးမှ မိမိကဏ္ဍအလိုက်ကောင်းမွန်စွာ စွမ်းဆောင်ကြသည့်အတွက် ကျေးရွာအဝင်လမ်းခင်းခြင်း၊ ကျောင်းအဆင့်တိုးခြင်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လာနိုင်သည်ကိုတွေ့ရှိရပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၄ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၅ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၆ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ပြင်ပမှ လာရောက်ဖွဲ့စည်းထားသောအဖွဲ့ အစည်းများမရှိခြင်းကြောင့်ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ပအဖွဲ့အစည်းများ၏ကူညီ ထောက်ပံ့မှုများလိုအပ်လျှက်ရှိသည်ကိုတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)**

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၉ | | မြေမဲ့ယာမဲ့ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၂ | ၂.၅ဧကအောက် | ၁၄ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂၀ | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၁၁ | | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၆၄ | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။**။ကျေးရွာရှိစိုက်ပျိုးမြေပိုင်ဆိုင်သည့် တောင်သူများသည် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စုများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ကြသည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုဦးရေ အများအပြားရှိသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

**(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| | | | မဖြေဆိုပါ☐ | | |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ ☐ | လျော့☐တိုး☐အပြောင်းအလဲမရှိ☐ |

ရင်းမြစ်(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။ကျေးရွာတွင် ပနီချောင်းရှိသော်လည်း မိုးခေါင်ခြင်းအပူလွန်ကဲခြင်းတို့ကြောင့် မိုးရေသိုလှောင်မှုနည်းသည့်အတွက် စိုက်ပျိုးရေအတွက်လုံလောက်မှုမရှိပါ။

### (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | ထိခိုက်လွယ်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၀၈ | တင်း | ၃၀ | ၅၀ | ၄၀ | ဇူလိုင် | အောက်တိုဘာ | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| နှမ်း | ၅၆ | တင်း | ၃ | ၆ | ၄ | မေ | ဇူလိုင် | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| ကုလားပဲ | ၆၁ | တင်း | ၅ | ၇ | ၆ | စက်တင်ဘာ | မတ် | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စပါး၊နှမ်း၊ ကုလားပဲ၊သီးနှံများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ သီးနှံများမှာရာသီဥတုဖောက်ပြန်၍ သီးနှံထွက်ရှိမှုလျော့ကျခြင်း စိုက်ပျိုးစရိတ်၊ ပိုးသတ်ဆေး၊ရိတ်သိမ်းစရိတ် ကုန်ကျငွေများခြင်း ဓါတုဆေးဝါး များဈေးနှုန်းမြင့်မားမှုကြောင့် အထွက် ကောင်းစေရန် သဘာဝနည်းပညာများလာရောက် ပညာပေးရန် လိုအပ်လျှက်ရှိပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | ၁ | | | |
| **လက်တွန်းထွန်စက်** | ၃ | | | |
| **အစေ့ချကိရိယာ** | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | |
| **ရိတ်သိမ်းစက်** | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | ၄ | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။။** ဆင်ဖြူကန်ကျေးရွာတွင်ထွန်စက်ပိုင်သူ(၁)ဦး၊လက်တွန်းထွန်စက်ပိုင်သူ(၃)ဦးနှင့် ရေစုပ်စက်ပိုင်သူ (၄)ဦးရှိပါသည်။ ထွန်စက်ပိုင်သူ (၁)ဦးသာရှိသောကြောင့် ကျေးရွာအတွက် လုံလောက်မှု မရှိ၍ တစ်ခြားကျေးရွာမှ ငှာရမ်းလုပ်ကိုင်ကြရပါသည်။

## (၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐** |
| စိုက်ပျိုးရေအရင်းအမြစ် | **ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အ[ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐** |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| ပြားခါတုဇေဒသွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐** |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်/မိုးရေချိန်) | **ထိခိုက်သည်☑မထိခိုက်ပါ☐မဖြေဆိုပါ☐** |

**ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။။** ဆင်ဖြူကန်ကျေးရွာတွင် သဘာဝရေမြေရာသီဥတုအနေအထား ၊လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေအရင်းအမြစ်မှာ အသင့်တင့်မျှသာရှိပါသည်။ ချေးငွေရရှိနိုင်မှုနှင့် သီးနှံမျိုးစေ့ရရှိနိုင်မှုမရှိပါ။ ဓါတုပိုးသတ်ဆေးများကိုဝယ်ယူနိုင်ပြီး နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ အားနည်းနေသည်ကိုတွေ့ရပါသည်။ရာသီဥတုဖောက်ပြန်မှုကြောင့် ရွာ၏ အကျိုးစီးပွားကိုများစွာထိခိုက်နိုင်ပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **မြေဆီလွှာမကောင်း☐ရာသီဥတုမမှန်☑မဖြေဆိုပါ☐** |
| လယ်ယာမြေအသုံးချနိုင်မှု | **လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐** |
| စိုက်ပျိုးရေအရင်းအမြစ် | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြားဓါတုဇေဒသွင်းအားစုများ | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑**<br>**သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ☐** |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | **ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☑အနည်းငယ်☐မဖြေဆိုပါ☐** |
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |
| ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု | **အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐** |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။ လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏စိုက်ပျိုးရေးကဏ္ဍတွင်မိုးရေကိုသာ အဓိကအားထားရသောကြောင့် ရာသီဥတုဖောက်ပြန်သည့်အချိန်တွင် သီးနှံပျက်စီးဆုံးရှုံးမှုများကြုံတွေ့ရခြင်း ၊ငွေကြေးမပြည့်စုံခြင်း ချေးငွေအလွယ်တကူမရရှိခြင်း၊သီးနှံဖျက်ပိုးကျရောက်မှုဒဏ်ကိုနှစ်စဉ်ခံစားရခြင်းစသည့်အခက်အခဲများရှိပါသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဝန်ဆောင်မှုဆောင်ရွက်ပေးမည်ဆိုပါက သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

**(ခ–၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၄၃ | ၁၂၃ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၇ | ၃၀ |
| ကြက် | ၆၇ | ၉၁၅ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။** ။ ဆင်ဖြူကန်ကျေးရွာတွင် အများစုမှာ ခိုင်းနွား(၇)ကောင်သာရှိပြီး တစ်ချို့အနည်းစုမှာ စီးပွားအဖြစ်မွေးမြူကြပြီး ကြက်၊ဝက်များလည်းတစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ☐ အသင့်အတင့်☑ မဖြေဆိုပါ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐<br>မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☑ မဖြေဆိုပါ☐ |
| ဈေးငွေ | ဈေးငွေလွယ်ကူစွာရနိုင်☐ ဈေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
| သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်)ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑<br>မဖြေဆိုပါ☐ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| ငါး/ပုစွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☑ မဖြေဆိုပါ☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☑ မဖြေဆိုပါ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်စားကျက်မြေအသင့်အတင့်သာရှိပါသည်။ မိုးရေနှင့်ချောင်းရေကို အားထားပြီး မွေးမြူကြသည်။ ရောဂါများကျရောက်လာပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျေးရွာအရောက် ဝန်ဆောင်မှုများပေးရန်လိုအပ်လျှက်ရှိကြောင်းတွေ့ရပါသည်။

**(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေရှားပါးသည်☑ စားကျက်မြေလုံးဝမရှိပါ☐ မဖြေဆိုပါ☐ |
| ရေရရှိမှု | ရေရှားပါးသည်☑ ရေလုံးဝမရှိပါ☐ မဖြေဆိုပါ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ☑ မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရပါ☐ မဖြေဆိုပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာမရနိုင်ပါ☑ ချေးငွေလုံးဝမရပါ☐ မဖြေဆိုပါ☐ |

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/<br>ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)** |
|---|---|
| သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ☑ သွင်းအားစုများလုံးဝဝယ်ယူမရပါ☐<br>မဖြေဆိုပါ☐ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ☑<br>နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ☐ မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑<br>ထုတ်ကုန်များကိုမရောင်းချနိုင်ပါ☐ မဖြေဆိုပါ☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်မရှိပါ☑ လုံးဝမရှိပါ☐ မဖြေဆိုပါ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ေမြေအနေအထား | ရေမြေအနေအထားမကောင်းပါ☑ မဖြေဆိုပါ☐ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ☑ လုံးဝဝယ်ယူမရပါ☐ မဖြေဆိုပါ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေမရပါ☑ လုံးဝချေးငွေမရပါ☐ မဖြေဆိုပါ☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရပါ☑ သွင်းအားစုများဝယ်ယူမရပါ☐<br>မဖြေဆိုပါ☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ☑<br>နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ☐ မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑<br>ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ☐ မဖြေဆိုပါ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | မလွယ်ကူပါ☑ မဖြေဆိုပါ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်စိုက်ပျိုးရေးကို သာအဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးကို အနည်းငယ်သာ လုပ်ကိုင်ကြပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်မည်ဆိုပါက နည်းပညာအကူအညီများလိုအပ်ပါသည်။

**(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ**

**ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်**(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား၂၂နှင့်၂၃ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | **များ☐အသင့်အတင့်☐မဖြေဆိုပါ☑** |
| လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်ရှိခြင်း | **ဈေးကွက်ကောင်းရှိသည်☐ဈေးကွက်အသင့်အတင့်☑မဖြေဆိုပါ☐** |
| ဈေးကွက်ဆိုင်ရာအသိအမြင်ရှိခြင်း | **ဈေးကွက်အခြေအနေကိုကောင်းစွာနားလည်သိရှိသည်☐ အသင့်အတင့်နားလည်သည်☑မဖြေဆိုပါ☐** |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | **ကောင်း☐သင့်☑မဖြေဆိုပါ☐** |
| ကုန်ကြမ်းရရှိနိုင်ခြင်း | **ပေါများ☐သင့်☑မဖြေဆိုပါ☐** |
| လျှပ်စစ်မီးရရှိနိုင်ခြင်း | **ကောင်း☐သင့်☐မဖြေဆိုပါ☑** |
| ချေးငွေရရှိနိုင်ခြင်း | **လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ချေးငွေရနိုင်သည်☑မဖြေဆိုပါ☐** |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိခြင်း | နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။**☐** နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။**☑**မဖြေဆိုပါ**☐** |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကိုတတ်မြောက်ခြင်း | **ကျွမ်းကျင်စွာတတ်မြောက်သည်☐အသင့်အတင့်☑ မဖြေဆိုပါ☐** |
| အလုပ်အကိုင်အခွင့်အလမ်း | **များ☐အသင့်အတင့်☑မဖြေဆိုပါ☐** |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု။**

**လေ့လာတွေ့ရှိချက်။။။** ဈေးကွက်ဆိုင်ရာအသိအမြင် အသင့်အတင့်ရှိကြပါသည်။ ကျေးရွာတွင်စိုက်ပျိုးရေးကိုအဓိကထားပြီး မွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များဝန်ဆောင်မှုရရှိပြီး ငွေကြေးအရင်းအနှီးရရှိမည်ဆိုပါက စိုက်မွေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများအတွက်အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ**

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်**(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | **ရှားပါး☑လုံးဝမရှိ☐မဖြေဆိုပါ☐** |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/<br>ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်ရှိခြင်း | **ဈေးကွက်မကောင်း☐ဈေးကွက်မရှိ☐မဖြေဆိုပါ☑** |
| ဈေးကွက်ဆိုင်ရာအသိအမြင်ရှိခြင်း | **ဈေးကွက်အခြေအနေကိုကောင်းစွာနားမလည်☐<br>လုံးဝနားမလည်☑မဖြေဆိုပါ☐** |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | **ညံ့☑အလွန်ညံ့☐မဖြေဆိုပါ☐** |
| ကုန်ကြမ်းရရှိနိုင်ခြင်း | **ကုန်ကြမ်းရရှိမှုနည်းသည်☑ကုန်ကြမ်းမရှိပါ☐မဖြေဆိုပါ☐** |
| လျှပ်စစ်မီးရရှိနိုင်ခြင်း | **ပုံမှန်မရပါ☐လုံးဝမရပါ☑မဖြေဆိုပါ☐** |
| ချေးငွေရရှိနိုင်ခြင်း | **လိုသလောက်လွယ်ကူစွာချေးငွေမရရှိပါ☑ချေးငွေမရပါ☐<br>မဖြေဆိုပါ☐** |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိခြင်း | **နည်းပညာနှင့်**အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ**ဝန်ဆောင်မှုများအလွယ်တကူမရပါ☑နည်းပညာနှင့်**အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ**ဝန်ဆောင်မှုများလုံးဝမရပါ☐မဖြေဆိုပါ☐** |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော(သို့မဟုတ်)အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကိုတတ်မြောက်ခြင်း | **ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိ☑လုံးဝမတတ်☐<br>မဖြေဆိုပါ☐** |
| အလုပ်အကိုင်အခွင့်အလမ်း | **အလုပ်အကိုင်အခွင့်အလမ်းနည်း☐<br>အလုပ်အကိုင်အခွင့်အလမ်းမရှိ☑မဖြေဆိုပါ☐** |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု။**

**လေ့လာတွေ့ရှိချက်။။။** ကျေးရွာ၏ လုပ်သားအင်အားမှာမရှိသလောက် ရှားပါးပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်းကောင်းမွန်မှုမရှိပါ။ ကျေးရွာတွင်အလုပ်အကိုင်မရှိသောကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ ထို့ကြောင့်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေး ဖန်တီးပေးရန်လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

### (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ**

| # | ပုံစံ | အိမ်ထောင်စုအရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလ | ၂ | ၅ | ၁ | ၆ | ၁၄ | ၇ | ၂၁ | ၁၇ | ၈ | ၂၇ |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ာနေထိုင်သူ” တစ်ဦးအနည်းဆုံးရှိသောအိမ်ထောင်စုနှင့်လူဦးရေ | | | | | | | | | | |
| ၂ | **ကျေးရွာပြင်ပသို့ရွှေ့ပြောင်းမှုကာလ** | | | | | | | | | | |
| | ၃လအထိ | | | | | | ၁ | ၁ | | ၁ | ၁ |
| | ၆လအထိ | | ၂ | | ၂ | ၂ | | ၂ | ၂ | | ၄ |
| | ၁၂လအထိ | | ၂ | | ၂ | | | | ၂ | | ၂ |
| | ၁၂လအထက် | | ၁ | ၁ | ၂ | ၁၂ | ၆ | ၁၈ | ၁၃ | ၇ | ၂၀ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။** ။ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှုမဝင်မှု၊ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒပါမှုမပါမှုစသည်ဖြင့်မခွဲခြားဘဲ၊ကြာမြင့်ချိန်အနည်းအများမကန့်သတ်ဘဲ၊မည်သည့်အကြောင်းအရင်းကြောင့်ရွှေ့ပြောင်းသွားလာရသည်ဖြစ်စေကာမူမူလဌာနေဒေသတစ်ခုမှနိုင်ငံခြားသို့ဖြစ်စေ၊ပြည်တွင်းတစ်နယ်တစ်ကြေးသို့ဖြစ်စေရွှေ့ပြောင်းသွားလာ နေထိုင်သူတိုင်းကို**“ရွှေ့ပြောင်းသွားလာနေထိုင်သူ”** ဟုသတ်မှတ်သည်။ နိုင်ငံတော်တာဝန်၊အဖွဲ့အစည်းတာဝန်ဖြင့်ရွှေ့ပြောင်းအခြေချနေရသူများသည်လည်း<u>ဤဇယားတွင်အကျုံးဝင်ပါသည်</u>။သားသမီးနှင့်ဆွေမျိုးများထံတွင်ခိုလှုံရန်၊မှီခိုရန်သွားရောက်အခြေချနေသော၊ကျန်းမာရေးအရအမြဲတမ်းရွှေ့ပြောင်းနေထိုင်သောပုဂ္ဂိုလ်များသည်<u>ဤဇယားတွင်အကျုံးဝင်ပါသည်</u>။ခေတ္တပညာသွားရောက်သင်ကြားနေသူများ၊ခေတ္တကျန်းမာရေးကုသမှုခံယူနေသူများသည်<u>ဤဇယားတွင်အကျုံးမဝင်ပါ</u>။ယခင်ကရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူယခုလက်ရှိကာလတွင်မူလဌာနေတွင်ပြန်လည်အခြေချနေထိုင်လျှက်ရှိသူများသည်<u>ဤဇယားတွင်အကျုံးမဝင်ပါ</u>။ယခုလတ်တလောတွင်ခရီးယာယီသွားနေသူများသည်လည်း<u>ဤဇယားတွင်အကျုံးမဝင်ပါ</u>။

**လေ့လာတွေ့ရှိချက်။** ။ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းလုပ်သားဦးရေစုစုပေါင်းမှာ ၂၇ ဦးသာရှိပါသည်။ ပြည်တွင်းပြည်ပသို့သွားရောက်လုပ်ကိုင်ရခြင်းမှာ လုပ်ငန်းဝင်ငွေအတွက်နှင့် အခြားသော အမည်မဖော်ပြလိုသော ကိစ္စများအတွက်လည်းရှိသည်။ အိမ်ထောင်စုအားလုံးမှာ တစ်အိမ်ထောင်လျှင် ရွှေ့ပြောင်းလုပ်သား တစ်ဦးမှ နှစ်ဦး ထိ သွားရောက်လုပ်ကိုင်ကြပါသည်။

**(ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း**

**ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း**

| စဉ် | အကြောင်းရင်း | လူဦးရေ | |
|---|---|---|---|
| | | ကျား | မ |
| ၁ | ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် | ၁၈ | ၇ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သောအကြောင်းရင်း | | |
| ၃ | ဒေသတွင်းပဋိပက္ခဖြစ်ပွားမှုကြောင့်လုံခြုံမှုမရှိသည့်အကြောင်းရင်း | | |
| ၄ | လူမှုရေး၊ကျန်းမာရေးကိစ္စများကြောင့် (social protection, health) | | |
| ၅ | အမျိုးအမည်ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကိုဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | ၁ | ၃ |

**ရင်းမြစ် ... အိမ်ထောင်စုစာရင်းကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်အေးချမ်းသာမှုရှိပါသည်။ အခြားဒေသများသို့သွားရောက်ကြရခြင်းမှာ မိသားစုစားဝတ်နေရေးအတွက်သာသွားရောက်ရခြင်းဖြစ်ပါသည်။

**(ဂ-၃)ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ**

**ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ**

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုအရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စုအရေအတွက် | ၂၀ | | ၂၀ | |
| ၂ | ပြန်ပို့ငွေလမ်းကြောင်းများ | | | | |
| | - က။ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၅ | ☒ | | |
| | - ခ။ဘဏ် | ၉ | | | |
| | - ဂ။လူကြုံဖြင့်လွှဲပို့ခြင်း | ၆ | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှာ ဘဏ်နှင့်သာအများဆုံးငွေပို့ဆောင်ကြပါသည်။**

**(ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်**

**ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ**

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံးတစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ရွှေချောင်း | မင်းဘူး |
| **ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံးတစ်ခုကိုခန့်မှန်းပြီးရွေးချယ်ရန်)** | ၀မှ၁မိုင်☐၁မှ၅မိုင်☑<br>၅မှ၁၀မိုင်☐၁၀မှ၁၅မိုင်☐<br>၁၅မိုင်အထက်☐ | ၀မှ၁၀မိုင်☐၁၁မှ၂၀မိုင်☐<br>၂၁မှ၃၀မိုင် ◌ ☐၃၀မှ၅၀မိုင်☑<br>၅၁မှ၁၀၀☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ်☑ကား/ထော်လာဂျီ☑ရထား☐သုံးဘီးဆိုင်ကယ်☐လှေ☐စက်လှေ☐ | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ်☑ကား/ထော်လာဂျီ☑ရထား☐သုံးဘီးဆိုင်ကယ်☐လှေ☐စက်လှေ☐ |
